# လေလံကြော်ငြာ

## ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန

## စဉ့်ကူးမြို့

## လေလံကြော်ငြာအမှတ်၊ ၁/၂၀၁၄

## ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ ( ၂၈ )ရက်

ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏(၁၈-၉-၂၀၁၃)ရက်စွဲပါစာအမှတ်၊ အခ / ၀၀၉၅ ( ၅၄၂၅ / ၁၃ )နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၏ (၂-၁၀-၂၀၁၃)နေ့စွဲပါစာအမှတ်၊ ၅၇၂၆-၂၇/ထ(က)၂ တို့ဖြင့် ခွင့်ပြုချက်အရ၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာန ပုံစံ(၈)ဝင်ထင်း (၁၀၂)လံ (၇၂.၇၀၆)တန်(၄၅)ပေါင်ဝင်မီးသွေး(၈၀၁)အိတ် (၁၂၈.၁၆)တန် တို့ကို မျက်မြင်အခြေအနေအတိုင်း ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး၌ ၂၀၁၄ပြည့်နှစ်၊ မေ လ ( ၁၄ )ရက်၊ နံနက်(၁၀:၀၀)နာရီအချိန်တွင် ပူးတွဲပါလေလံစည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

| စဉ် | လပ်ပုံအမှတ် | အမျိုးအမည် | အရေအတွက် | တန် | တည်နေရာ |
|---|---|---|---|---|---|
| ၁။ | (၁) | (၄၅)ပေါင်ဝင်မီးသွေး | ၂၄၈ | ၃၉.၆၈ | ခတက်ချဉ်ဘိနယ် |
| ၂။ | (၂) | -။- | ၂၅၃ | ၄၀.၄၈ | ဆည်တော်ကြီးဘိနယ် |
| ၃။ | (၃) | -။- | ၂၅၀ | ၄၀.၀၀ | ညောင်ဝန်းဘိနယ် |
| ၄။ | (၄) | -။- | ၅၀ | ၈.၀၀ | ပါပေါ၊နတ်တောင်(တောင်) ဘိနယ်စခန်း |
| ၅။ | (၅) | အခြားဖုံတိုထင်း | ၈၄ လံ | ၅၉.၈၇၅၆ | ဆည်တော်ကြီးဘိနယ်စခန်း |
| ၆။ | (၆) | ပဲလျော်ထင်း | ၄ လံ | ၂.၈၅၁၂ | ဆည်တော်ကြီးဘိနယ်စခန်း |
| ၇။ | (၇) | ထင်းဖုံတို | ၁၀ လံ | ၇.၁၂၈ | ပင်လယ်ကြီးဘိနယ်စခန်း |
| ၈။ | (၈) | ပဲလျော်ထင်း | ၄ လံ | ၂.၈၅၁၂ | ပါပေါ၊နတ်တောင်(တောင်) ဘိနယ် |
| | | မီးသွေးစုစုပေါင်း | ၈၀၁အိတ် | ၁၂၈.၁၆ | |
| | | ထင်းစုစုပေါင်း | ၁၀၂ လံ | ၇၂.၇၀၆ | |

လေလံစည်းကမ်းချက်များကို(၁)စုံလျှင်(၃၀၀၀ိ/-)(ကျပ်သုံးထောင်တိတိ)ဖြင့် စဉ့်ကူးမြို့နယ်၊သစ်တော ဦးစီးဌာန၊ ဦးစီးအရာရှိရုံးတွင် ဝယ်ယူနိုင်ပါသည်။

စဉ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ လေလံတင်ရောင်းချမည့်

မီးသွေး(၈၀၁)အိတ် (၁၂၈. ၁၆)တန်စာရင်း

| စဉ် | လပ်ပုံ အမှတ် | အမျိုးအမည် | အရေ တွက် | တန် | သင့်ငွေ | ပစ္စည်းတည်နေရာ |
|---|---|---|---|---|---|---|
| ၁ | ၁ | (၄၅)ပေါင်ဝင်မီးသွေး | ၂၄၈ | ၃၉. ၆၈ | ၇၁၉၂၀/- | ခတက်ချဉ်ဘိနယ်စခန်း |
| ၂ | ၂ | -။- | ၂၅၃ | ၄၀. ၄၈ | ၇၃၃၇၀/- | ဆည်တော်ကြီးဘိနယ်စခန်း |
| ၃ | ၃ | -။- | ၂၅၀ | ၄၀. ၀၀ | ၇၂၅၀၀/- | ညောင်ဝန်းဘိနယ်စခန်း |
| ၄ | ၄ | -။- | ၅၀ | ၈. ၀၀ | ၁၄၅၀၀/- | ပါပေါ၊ နတ်တောင်(တောင်) ဘိနယ်စခန်း |
| | | စုစုပေါင်း | ၈၀၁ | ၁၂၈. ၁၆ | ၂၃၂၂၉၀/- | |

စဉ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ လေလံတင်ရောင်းချမည့်

ထင်း (၁၀၂)လံ (၇၂. ၇၀၆)တန်စာရင်း

| စဉ် | လပ်ပုံ အမှတ် | အမျိုးအမည် | အရေ တွက် | တန် | သင့်ငွေ | ပစ္စည်းတည်နေရာ |
|---|---|---|---|---|---|---|
| ၁ | ၅ | အခြားဗုံတိုထင်း | ၈၄ လံ | ၅၉. ၈၇၅၆ | ၁၁၉၇၅၁/၂၀ | ဆည်တော်ကြီးဘိနယ်စခန်း |
| ၂ | ၆ | ပဲလျှော်ထင်း | ၄ လံ | ၂. ၈၅၁၂ | ၅၇၀၂/၄၀ | -။- |
| ၃ | ၇ | ထင်းဗုံတို | ၁၀ လံ | ၇. ၁၂၈ | ၁၄၂၅၆/- | ပင်လယ်ကြီးဘိနယ်စခန်း |
| ၄ | ၈ | ပဲလျှော်ထင်း | ၄ လံ | ၂. ၈၅၁၂ | ၅၇၀၂/၄၀ | ပါပေါ၊ နတ်တောင်(တောင်)ဘိနယ် |
| | | စုစုပေါင်း | ၁၀၂ လံ | ၇၂. ၇၀၆ | ၁၄၅၄၁၂/- | |

**သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ စဥ့်ကူးမြို့နယ်**
**ပုံစံ(၈)ဝင်ထင်း/မီးသွေးများလေလံတင်ရောင်းချရန်အတွက်**
**လေလံကြော်ငြာအမှတ်၊ ၁/၂၀၁၄-၂၀၁၅**
**စည်းကမ်းချက်များ**

၁။ စဥ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာန၊ စဥ့်ကူးမြို့နယ်အတွင်းရှိ လေလံတင်ရောင်းချမည့် ထင်း/မီးသွေးများကိုသွားရောက်ကြည့်ရှုရန်နှင့် မျက်မြင်သက်သေရှိ အခြေအနေအတိုင်း သစ်တောဦးစီးဌာနမှ ဈေးပြိုင်စနစ်ဖြင့် တိုင်းကျော်သယ်ယူခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်ချက်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်။

၂။ လေလံဆွဲမည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး၊ အမျိုးသား၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားပြသနိုင်သူဖြစ်ရမည်။

၃။ လေလံတင်ရောင်းချခြင်းကို၊ ပြင်ဦးလွင်ခရိုင်၊ စဥ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးတွင် ၂၀၁၄ပြည့်နှစ်၊ မေ လ( ၁၄ )ရက်နေ့၊ နံနက်(၁၀:၀၀)နာရီတွင် လေလံတင်ရောင်းချပါမည်။

၄။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့် ထင်း/မီးသွေးများကို လေလံတင်ရောင်းချရေးအဖွဲ့မှ ထုတ်ပေးမည့် ကြည့်ရှုခွင့်လက်မှတ်ဖြင့် ( ၈ - ၄ - ၂၀၁၄)ရက်နေ့မှစ၍ လေလံမစမီတစ်ရက်အလို ရုံးချိန်အတွင်း (ရုံးပိတ်ရက်မှအပ) ကြည့်ရှုနိုင်ပါသည်။

၅။ လေလံဆွဲဝယ်ယူမည့်သူများသည် လပ်ပုံတစ်ခုစီအတွက် စဘော်ငွေ(၅၀၀၀၀/-) (ကျပ်ငါးသောင်း) ငွေသားဖြင့် အပိုဒ်(၃)တွင် ဖော်ပြသည့်နေရာ၌ ( ၉ - ၅ -၂၀၁၄)မှ ( ၁၂ - ၅ -၂၀၁၄)ရက်နေ့ အထိ ရုံးချိန်အတွင်း အောက်ပါအတိုင်းပေးသွင်းရမည်။

(က) ပေးသွင်းသော စဘော်ငွေများကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် လက်ခံထုပ်ပိုးရေးမှတ်ပြီး သိမ်းဆည်းထားပါမည်။

(ခ) ပြန်လည်ထုတ်ပေးသည့်အခါတွင်လည်း အထုပ်လိုက်ပြန်လည်ထုတ်ပေးပါမည်။

(ဂ) စဘော်ငွေပေးသွင်းထားသော ငွေစက္ကူများတွင်သုံးမရသော တရားမဝင်ငွေစက္ကူများပါရှိပါက၊ သစ်တောဦးစီးဌာနမှ တာဝန်မယူပါ။

၆။ စဘော်ငွေပေးသွင်းပြီးကြောင်းငွေရပြေစာ(မူရင်း)နှင့် လေလံစည်းကမ်းချက်များတင်ပြနိုင်သူကိုသာ လေလံဆွဲဝယ်ခွင့်ပေးမည်ဖြစ်ပါသည်။

၇။ လေလံဆွဲဝယ်ရာတွင် လပ်ပုံတစ်ခုစီအတွက် စဘော်ငွေပေးသွင်းပြီးဖြစ်ကြောင်း ပြေစာပေါ်တွင် ရှိသည့် နံပါတ်(တိုကင်နံပါတ်)ဖြင့် ဆွဲဝယ်ရမည်။

၈။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံတင်ရောင်းချရေးအဖွဲ့က ဈေးစတင်ခေါ်ယူခြင်း မပြုဘဲ ဝယ်ယူသူများက ဈေးစတင်၍ ဝယ်ယူဈေးကို ပေးရမည်ဖြစ်ပါသည်။

၉။ လေလံဆွဲဝယ်အောင်မြင်ခြင်း မရှိသူများ၏ စဘော်ငွေများကို လေလံပြီးဆုံးသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်းပြန်လည်ထုတ်ပေးမည့်ဖြစ်ပါကြောင်း သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက လေလံတင်ရောင်းချရေးအဖွဲ့မှ နိုင်ငံပိုင်ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းမည်ဖြစ်ပါသည်။

၁၀။ လေလံဆွဲဝယ်အောင်မြင်သူသည် တန်ဘိုးငွေအပြည့်အားပေးသွင်းခြင်းကို ( ၁၅ - ၅ -၂၀၁၄)ရက်နေ့မှစ၍ လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းရမည်။ (၁၉-၅-၂၀၁၄)ရက်နေ့ (၁၀:၀၀)နာရီအထိ ပေးသွင်းခြင်းမပြုနိုင်ပါက ပေးသွင်းထားသည့်ငွေနှင့် စဘော်ငွေကို နိုင်ငံပိုင် ဘဏ္ဍာငွေအဖြစ်သိမ်းယူမည်ဖြစ်ပါသည်။

၁၁။ လေလံအောင်မြင်သူသည် တန်ဘိုးငွေအပြည့်အဝကို သစ်တောဦးစီးဌာန၊ လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးသွင်းပြီးမှသာဆွဲဝယ်ရရှိသည့် ထင်း/မီးသွေးများကို ဘီလ်ပြေစာ/အတိုင်းစာရင်း ထုတ်ပေးခြင်း၊ လေလံဆွဲဝယ်ရရှိသည့် ထင်း/မီးသွေးများ ထုတ်ယူခွင့်ကို လေလံတင်ရောင်းချရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

၁၂။ လေလံဆွဲဝယ်အောင်မြင်သူသည် ငွေများအပြေအလည်ပေးဆောင်ပြီးနောက် ဘီလ်ပြေစာထုတ်ပေးပြီး (၇)ရက်အတွင်း သယ်ဆောင်ရမည်ဖြစ်ပြီး၊ ၎င်းရက်နောက်ပိုင်းတွင်း ပစ္စည်းများပျက်စီး၊ ပျောက်ဆုံးခြင်းကို တာဝန်ယူမည်မဟုတ်ပါ။

၁၃။ လေလံဆွဲဝယ်အောင်မြင်သူသည် တန်ဘိုးငွေအပြည့်အဝ ပေးချေပြီးပါက အောက်ဖော်ပြပါစာရွက်စာတမ်းများကို ပြသပြီးလေလံဆွဲဝယ်ရရှိသည့်ထင်း၊ မီးသွေးများကို ထုတ်ယူနိုင်ပါသည်။

(က) အမျိုးသား/နိုင်ငံသားစီစစ်ရေးကဒ်ပြား။

(ခ) ကိုယ်စားလှယ်မှထုတ်ယူလျှင်၊ တရားဝင်ကိုယ်စားလှယ်လွှဲစာ။

(ဂ) သစ်တောဦးစီးဌာနမှ ထုတ်ပေးထားသည့် ဘီလ်ပြေစာ၊ အတိုင်းစာရင်းနှင့် ငွေသွင်းပြီးကြောင်းချလံ/ပြေစာ။

၁၄။ လေလံတင်ရောင်းချရေးအဖွဲ့သည် အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုဘဲ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ခွင့်ရှိသည်။ ဤကဲ့သို့ ပယ်ဖျက်ခြင်းခံရပါက တင်သွင်းထားသည့် စဘော်ငွေအပါအဝင် စရံငွေများကို လေလံဆွဲဝယ်သူအား ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။

**လေလံရောင်းချရေးကော်မတီ**
**သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့**